# PRESS STATEMENT

## The Republic of the Union of Myanmar and the People's Republic of Bangladesh signed the Arrangement on Return of Displaced Persons from Rakhine State

At the invitation of U Kyaw Tint Swe, Union Minister for the Office of the State Counsellor, Mr. Abul Hassan Mahmood Ali, Minister of Foreign Affairs of the People's Republic of Bangladesh, visited Myanmar from 22 to 23 November 2017.

During the visit of the Bangladesh delegation, Union Minister for the Office of the State Counsellor, U Kyaw Tint Swe and the Minister of Foreign Affairs of Bangladesh Mr. Abul Hassan Mahmood Ali co-chaired the Ministerial Meeting to discuss the Arrangement on the Return of Displaced Persons from the Rakhine State at the Ministry of the Office of the State Counsellor on 22 November 2017 at 1600 hrs. An agreement was reached on the Arrangement, and both Governments concurred that it should be signed as soon as possible.

U Kyaw Tint Swe, Union Minister for the Office of the State Counsellor and Mr. Abul Hassan Mahmood Ali, Minister of Foreign Affairs of the People's Republic of Bangladesh signed the Arrangement on Return of Displaced Persons from Rakhine State at the Meeting Room, Ministry of the Office of the State Counsellor on 23 November 2017 at 1400 hrs.

The Arrangement was based on the Joint Statement signed by the Foreign Ministers of the Government of the Union of Myanmar and the People's Republic of Bangladesh in 1992 and contained the general guiding principles and policy arrangements to systematically verify and receive the displaced persons from Rakhine State.

Western countries as well the Organisation of Islamic Cooperation (OIC), had portrayed the matter as an international issue by passing resolutions at the UN Human Rights Council and the General Assembly of the United Nations. The Security Council also issued a Presidential Statement on the issue.

The principled position of Myanmar is that issues that emerge between neighbouring countries must be resolved amicably through bilateral negotiations. The present Arrangement, which had been agreed to by both countries based on their friendly and good neighbourly relations demonstrate the steadfast position of Myanmar and is a win-win situation for both countries.

**Ministry of the Office of the State Counsellor**

**Nay Pyi Taw.**

**Dated: 23 November 2017**

# သတင်းထုတ်ပြန်ချက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ မွန်းလွဲ (၄ ဝဝ) နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ပါသည်။

၃။ ယင်းနောက် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ မွန်းလွဲ (၂ ဝဝ) နာရီတွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဘူလ်ဟတ်ဆန်မာမွတ်အလီ တို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

၄။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်သည် ၁၉၉၂ ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ အစိုးရတို့အကြား နိုင်ငံခြားရေးဝန်ကြီးအဆင့်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်ကို အခြေခံ၍ ရေးဆွဲထားပြီး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကို စနစ်တကျ စိစစ်လက်ခံရာတွင် လိုက်နာဆောင်ရွက်ရမည့် အထွေထွေ မူဘောင်များနှင့် မူဝါဒရေးရာ အစီအမံများပါရှိကြောင်း သတင်းရရှိပါသည်။

၅။ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံများကလည်းကောင်း၊ အိုအိုင်စီအဖွဲ့ကလည်းကောင်း၊ နိုင်ငံတကာတွင် ဖိအားပေးကာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင်လည်းကောင်း၊ အထွေထွေညီလာခံ၏ တတိယကော်မတီတွင်လည်းကောင်း၊ အဆိုမူကြမ်း ချမှတ်ခဲ့သည့်အပြင် လုံခြုံရေးကောင်စီတွင် သဘာပတိ၏ ထုတ်ပြန်ချက်ဖြင့်လည်းကောင်း ချမှတ်ကာ နိုင်ငံတကာအရေးကိစ္စအဖြစ် ကြိုးပမ်းဆောင်ရွက်နေပါသည်။

၆။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအကြား အရေးကိစ္စပေါ်ပေါက်လာပါက နှစ်နိုင်ငံချင်း ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ဖြေရှင်းရမည်ဟု ခိုင်မာစွာ ရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ယခုကဲ့သို့ နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုကို အခြေခံကာ နှစ်ဦးနှစ်ဘက် လက်ခံနိုင်မည့်ရလဒ်ကို ရယူခဲ့ခြင်းဖြင့် မိမိ၏ ဆုပ်ကိုင်ထားသော ရပ်တည်ချက်အပေါ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**နေပြည်တော်။**

**ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်**